အနုပညာပြိုင်ပွဲ

International
Labour
Organization

# SCREAM

## ကလေးအလုပ်သမားကို ရပ်ပစ်

ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး
လမ်းကြောင်းများမှတဆင့်ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း။



# SCREAM

ကလေးအလုပ်သမားကို ရပ်ပစ်

## ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး လမ်းကြောင်းများမှ တဆင့်ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း။

# အနုပညာပြိုင်ပွဲ

ILO (အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့)

မူပိုင်ခွင့် - အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ၂၀၁၇
ပထမအကြိမ်ထုတ်ဝေခြင်း ၂၀၁၇
အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာရုံး၏ ထုတ်ဝေမှုကို အပြည်ပြည်ဆိုင်ရာမူပိုင်ခွင့်ရေးရာ သဘောတူညီချက် အမှတ် (၂)မှ အချက်များနှင့်အညီ ဆောင်ရွက်ထားပါသည်။ သို့သော်လည်း ထုတ်ဝေထားသည်များမှ ခွင့်ပြုချက်မရရှိဘဲ ကောက်နုတ်ဖော်ပြမှုများအတွက် ရင်းမြစ်ရယူရာနေရာကို ဖော်ပြ ရမည်ဖြစ်သည်။ ပြန်လည်ထုတ်ဝေခြင်း သို့မဟုတ် ဘာသာပြန်ဆိုခြင်းများအတွက် ILO ထုတ်ဝေခြင်းဆိုင်ရာဌာန (အခွင့်အရေးများနှင့်လိုင်စင်ဆိုင်ရာ)၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၊ CH -1211၊ ဆွစ်ဇာလန်သို့ လည်းကောင်း သို့မဟုတ် rights@ilo.org သို့ အီးမေးလ် ပို့၍ လည်းကောင်း လျှောက်ထားနိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံးမှလည်း ထိုသို့ လျှောက်ထားမှုများကို ကြိုဆိုပါသည်။
ပြန်လည်ထုတ်ဝေခွင့်ဆိုင်ရာ ခွင့်ပြုချက်များရရှိထားသည့် စာကြည့်တိုက်များ၊ အဖွဲ့အစည်းများနှင့် အခြားသော မှတ်ပုံတင်ထားသူများ သည် ၎င်းတို့ကို ခွင့်ပြုထားသည့် ထုတ်ဝေခွင့်ဆိုင်ရာ လိုင်စင်ပါအချက်များနှင့်အညီ မိတ္တူပွား ဖြန့်ဝေရမည်ဖြစ်သည်။ သင်၏နိုင်ငံတွင် ရှိသော ပြန်လည်ထုတ်ဝေခွင့် ဆိုင်ရာ မူပိုင်ခွင့်များကို သိရှိနိုင်ရန်အတွက် www.ifrro.org သို့ဝင်ရောက်လေ့လာနိုင်ပါသည်။

---

IPEC
ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး လမ်းကြောင်းများမှတစ်ဆင့် ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း (SCREAM) - ပညာရေး ပစ္စည်းများ/ အပြည်အပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ၏ အပြည်ပြည်ဆိုင်ရာ ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ် (IPEC) - မြန်မာ - ILO , ၂၀၁၇

ISBN: 9782-831294-2-92- (Print), 9789-831295-2-92- (Web PDF)

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ILO အပြည်ပြည်ဆိုင်ရာ ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ်

အင်္ဂလိပ်ဘာသာဖြင့်လည်း ဖတ်ရှုနိုင်သည်။ Supporting children’s rights through education, the arts, and media (SCREAM): Education Pack (ISBN 9784-113240-2-92-), Geneva, 2002; အခြားသော ဘာသာစကား ၂၀ ဖြင့်လည်း ကြည့်ရှုနိုင်သည်။ http://www.ilo.org/ipec/Informationresources/WCMS_IPEC_PUB_1559/lang--en/index.htm.

ထုတ်ဝေမှုဆိုင်ရာအချက်အလက်များအတွက် ILO ၏ ကတ်တလောက်ထားရှိပုံ

## မှတ်စု

ဤစာစောင်သည် ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး လမ်းကြောင်းများမှတစ်ဆင့် ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း (SCREAM)- ပညာရေး ပစ္စည်းများဖြစ်သည်။ IPEC မှ ကလေးအလုပ်သမား ပပျောက်ရေးအတွက် လှုပ်ရှားမှုတိုးမြင့်ရန် အလို့ငှာ ဤထုတ်ဝေခြင်း၏ အပိုင်းအားလုံး သို့မဟုတ် ဘာသာပြန်ဆိုမှု သို့မဟုတ် ဆီလျော်အောင်ပြုပြင်ခြင်း၊ ထပ်မံထုတ်ဝေခြင်း၊ ပြန်လည်ပုံနှိပ်ခြင်းများပြုလုပ်ရန် တိုက်တွန်း ထားသည်။
ဤပညာရေး ပစ္စည်းကို အီတာလီ အစိုးရမှ ထောက်ပံ့ထားသည့် IPEC စီမံကိန်း INT/99/M06/ITA ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ၂၀၀၂ ခုနှစ်တွင် ထုတ်ဝေခဲ့ပါသည်။
မြန်မာဘာသာဖြင့်ထုတ်ဝေမှုအတွက် ရံပုံငွေကို အမေရိကန်နိုင်ငံ အလုပ်သမားရေးရာဌာန မှကျခံပါသည် (Project MMR/1310//USA)။
ဤထုတ်ဝေမှုသည် အမေရိကန်အလုပ်သမားရေးရာဌာန၏ မူဝါဒများ သို့မဟုတ် အမြင်ရှုထောင့်များ၊ အမေရိကန်အစိုးရမှ ထောက်ခံခွင့်ပြုထားသည့် ကုန်သွယ်ရေးအမည်နာမများ၊ စီးပွားရေးထုတ်ကုန်များ သို့မဟုတ် အဖွဲ့အစည်းများကို ညွှန်းဆို ထင်ဟပ်ဖော်ပြထားခြင်းမဟုတ်ပါ။

---

ILO ထုတ်ဝေမှုများတွင် ရွေးချယ်သတ်မှတ်ချက်ခန့်ထားမှုများမှာ ကုလသမဂ္ဂ၏ အစဉ်အလာ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး ထည့်သွင်းတင်ပြသည့် အကြောင်းအရာများသည်လည်း မည်သည့်နိုင်ငံ၊ ဧရိယာ သို့မဟုတ် နယ်ပယ် သို့မဟုတ် အာဏာပိုင်များ၊ ယင်းနိုင်ငံ၏ နယ်နိမိတ်အကန့်အသတ် တို့နှင့် သက်ဆိုင်သော ဥပဒေအကြောင်းခြင်းရာများ အပေါ်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ရုံး၏ ထင်မြင်ယူဆချက်များကို ညွှန်းဆို ဆောင်ရွက်ထားခြင်း မဟုတ်ပါ။
သုံးသပ်တင်ပြသည့် ဆောင်းပါးများ၊ လေ့လာမှုများနှင့် အခြားသော အကြံပြုဆွေးနွေးမှုများတွင် ပါရှိသည့် အယူအဆ ထင်မြင်ချက်များသည် ၎င်းတို့ကိုရေးသားသူများအပေါ်တွင်သာ လုံးဝသက်ဆိုင်တာဝန်ရှိပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ရုံးမှ ထိုဖော်ပြချက်များအပေါ်တွင် ထောက်ခံအကြံပြုခြင်း မပါဝင်ပါ။
စီးပွားရေးလုပ်ငန်းများနှင့် စီးပွားဖြစ်ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ လုပ်ငန်းစဉ်များ၏ အမည်များကို ကိုးကားဖော်ပြခြင်း များသည် ILO ရုံးမှ ထောက်ခံတင်ပြထားခြင်း မဟုတ်ဘဲ ထိုသို့သော စီးပွားရေးလုပ်ငန်းများ၊ ကုန်ပစ္စည်းများ၊ လုပ်ငန်းများ ၏အမည်များကို မဖော်ပြခြင်းသည်လည်း ထည့်သွင်းရန် သဘောမတူကြောင်း ပြသခြင်းမဟုတ်ပါ။
ILO မှထုတ်ဝေမှုများနှင့် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ထုတ်ကုန်များကို အကြီးစား စာအုပ်ရောင်းဝယ်သူများနှင့် ဒစ်ဂျစ်တယ် နည်းပညာ ဖြန့်ဝေမှု ပလက်ဖောင်းများမှ တဆင့် ရရှိနိုင်ပြီး ilo@turpin-distribution.com မှလည်း တိုက်ရိုက် မှာယူ ရရှိနိုင်ပါသည်။
အချက်အလက်များပိုမိုရယူလိုပါက www.ilo.org/publns သို့မဟုတ် ilopubs@ilo.org သို့ဆက်သွယ်ပါ။

www.ilo.org/ipec သို့ဝင်ရောက်ကြည့်ရှုပါ

PDF ဖြင့်သာ ကြည့်ရှုနိုင်သည်။

## ဦးတည်ချက်။

ကလေးအလုပ်သမားအကြောင်း
အနုပညာပြိုင်ပွဲတွင်ပါဝင်ခြင်း သို့မဟုတ်
ပြုလုပ်ခြင်း။





## အကျိုးအမြတ်။

အနုပညာဆန်စွာဖော်ထုတ်ရန်လှုံ့ဆော်ပေးပြီး လူထုပညာပေးရေးနှင့် အသိတရားကို တိုးမြှင့်ပေးသည်။

## အချိန်။

သင်ကြားချိန် (၃)ချိန်။ ကြားချိန်များတွင် အနုပညာတင်ဆက်မှုအတွက် ပြင်ဆင်ချိန်ထပ်ပေးရမည်။

## စေ့ဆော်မှု။

ရုပ်ပြအနုပညာများသည် ကလေးအလုပ်သမားဆိုသည်ကို သင့်ပရိသတ်နှင့် ပြည်သူအများပို၍မြင်တွေ့ လာနိုင်ရန် ပြုလုပ်ပေးနိုင်သည့် အစွမ်းထက်သောန ည်းလမ်းများဖြစ်သည်။ သင့်အနေဖြင့် ပေါင်းစပ်ရုပ်ပုံကားချပ် နှင့်ပတ်သက်သော လုပ်ငန်းစုကို ပြုလုပ်ပြီးဖြစ်ခဲ့လျှင် (ပြုလုပ်ရန်ထောက်ခံပါသည်) သင့်အုပ်စုအနေဖြင့် ရုပ်ပြလူထုဆက်သွယ်ရေးတွင် ကလေးအလုပ်သမားအကြောင်း လုံးဝနီးပါးမပါသည်ကိုတွေ့ရှိပေမည်။ ထို့ကြောင့် ရုပ်ရှာအဖွဲ့အစည်းအနေဖြင့် ယင်းကလေးအလုပ်သမားရှိနေသည်ကို မမြင်မတွေ့ဖြစ်နေရခြင်းဖြစ်သည်။ လူထုအာရုံစိုက်လာရန်နှင့် ကလေး အလုပ်သမားဆိုသည်ကို ပစ်ပယ်ထား၍ မဖြစ်နိုင်ကြောင်းသိရန် ၎င်းတို့၏ အခြေအနေကို လူထုတွေ့မြင်ရန် လုပ်ရမည် ဖြစ်သည်။



လူရွယ်အုပ်စုအား ကလေးအလုပ်သမားဆိုသည်ကို မိမိတို့ ပုံဖော်၍ရသည့်အတိုင်း စာရွက်ပေါ်ရေးဆွဲခြင်း၊ ရှံ့စေး သို့မဟုတ် အခြားပစ္စည်း တစ်ခုခုဖြင့်ပြုလုပ်ထားသည်ကို အနုပညာပြိုင်ပွဲပြုလုပ်ပေးဖြင့် အများကြည့်ရှု နိုင်ရန်ပြသ နိုင်ပါသည်။ ဤနည်းဖြင့်အုပ်စုအား မိမိတို့ဖော်ပြလိုသည်ကို အနုပညာဖြင့်ဖော်ထုတ်ပြ စေနိုင်သည်။ ၎င်းတို့အသိပေးလို သည့်

အကြောင်းအရာကို လူထုအများအပြားအား အသိပေးနိုင်သည့် ပစ္စည်းတစ်ခုဖြစ်သည်ကိုလည်း သိရှိသွား စေနိုင်သည်။

ဤလုပ်ငန်းစုသည် ပုဂ္ဂိုလ်တစ်ဦးချင်း၏အရည်အသွေးဖွံ့ဖြိုးမှုပိုရှိလာစေပြီး အုပ်စုအတွင်း ရင်းနှီးစွာလက်တွဲ ဆောင်ရွက်မှု လည်းဖြစ်စေပါသည်။ လုပ်ငန်းသည် သင်နှင့်ဆောင်ရွက်နေသော လူငယ်အုပ်စု၏ အစွမ်းအစနှင့် စရိုက်လက္ခဏာများကို ဆန်းစစ်ရာတွင်အထောက်အကူဖြစ်စေပါသည်။ အထူးသဖြင့် အစမှအဆုံးအထိ ဆောင်ရွက်ရသည့်အတွက် ခေါင်းဆောင် မှု အရည်အချင်းများ၊ တင်ပြဆက်သွယ်ခြင်းနှင့် ထိလွယ်ရှလွယ်ဖြစ်စေသည့်အချက်များကို ဖေါ်ထုတ်လာနိုင်ပါသည်။ ဤလုပ်ငန်းသည် အနုပညာမြောက်စွာ စိတ်ဝင်စားဖွယ်ရာများ ပေါ်ထွက်လာနိုင်သဖြင့် အလွန်ပျော်ရွှင်ဖွယ်ရာလည်း ဖြစ်ပါသည်။



## အသုံးပြုမည့်သူအတွက် မှတ်စု

ဤလုပ်ငန်းစုကို အခြေခံသတင်းအချက်အလက်နှင့် ပေါင်းစပ်ရုပ်ပုံကားချပ်လုပ်ငန်းစုများပြီးလျှင်ကြိုက်သည့်အချိန်တွင် သုံးစွဲနိုင်ပါသည်။ အနုပညာပြိုင်ပွဲလုပ်ငန်းစုသည် အခြားမည်သည့်လုပ်ငန်းစုနှင့်မျှ ချိတ်တွဲထားခြင်းမရှိသည့်အတွက် သင့်အနေဖြင့်အဆီလျော်ဆုံးဖြစ်မည့် အချိန်တွင်သုံးစွဲနိုင်ပါသည်။ မည်သို့ဆိုစေ ယင်းသည် လူထုဆက်သွယ်ရေး ညလုပ်ရှားမှုဖြင့် ပို၍ချိတ်ဆက်မိသည်။ ထို့ကြောင့် လူထုဆက်သွယ်ရေး (သတင်းထုတ်ပြန်ရေး) လုပ်ငန်းစု ဆောင်ရွက်သည့် အချိန်တွင် တပြိုင်နက် ဆောင်ရွက်ရန်စီစဉ်နိုင်ပါသည်။

# ကြိုတင်ပြင်ဆင်ခြင်း



ဤလုပ်ငန်းစုကို နှစ်မျိုးသုံးနိုင်ပါသည်။

- အနုပညာပြိုင်ပွဲကို သက်ဆိုင်ရာ အုပ်စုအတွင်းတွင်သာ ဆောင်ရွက်နိုင်ပါသည်။ ပြည်သူအများအတွင်း ကျယ်ကျယ်ပြန့်ပြန့် ယှဉ်ပြိုင်ဆောင်ရွက်ရန်ပတ်ဝန်းကျင်နှင့် အခြေအနေများသည်အလွန်ခက်ခဲနေလျှင် ရွေးချယ်ရန်အကောင်းဆုံးဖြစ်ပါသည်။ ဥပမာ - ကျေးလက်ဒေသ သို့မဟုတ် ခေါင်လွန်းသောဒေသတွင် အလွတ် သဘော ပညာသင်ကြားသည့်အခါ ဖြစ်သည်။
- အကယ်၍အခြေအနေပေးလျှင် ဤပြိုင်ပွဲကိုအများပြည်သူကြည့်ရှုနိုင်ရန် ပြုလုပ်ပေးနိုင်သည်။ ဥပမာ - စာသင်ကျောင်းများ၊ သင်တန်းကျောင်းများ သို့မဟုတ် မြို့ပေါ်တွင် ဖြစ်သည်။

ဤလုပ်ငန်းစုကို ဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်သည့်အခါ
အောက်ပါအချက်များကို စဉ်းစားထားရမည်။

- အနုပညာပုံစံများနှင့်ပတ်သက်၍ပြိုင်ပွဲအတွက် လက်ခံရာတွင်ရှေ့ပိုင်းလုပ်ငန်းစု၌ ပေါင်းစပ်ရုပ်ပုံကားချပ်ကို သုံးစွဲခဲ့ပြီး ဖြစ်လျှင်ဖြစ်နိုင်က ထပ်မံမသုံးစွဲသင့်ပါ။
- ပြိုင်ပွဲတိုင်းတွင် အကြောင်းအရာနှင့် ရည်မှန်းချက်လိုပါသည်။ အဘယ်အတွက် ပြိုင်ပွဲကိုပြုလုပ်ရပါသနည်း။ ပြိုင်ပွဲဝင်များကို ကလေးအလုပ်သမားပုံတစ်ပုံထဲကိုသာ ရေးဆွဲခိုင်းမည်လား။ ယင်းသည် မည်မျှအသုံးဝင်မည် နည်း။ အနာဂါတ်အတွက် မျှော်မှန်းချက်နှင့် ပတ်သက်သောအကြောင်းကိုမိတ်ဆက်ခြင်းသည် ပို၍ကောင်းမည်လား။ ပြိုင်ပွဲဝင်များကို သင့်စီမံချက်အတွက် ပိုစတာတစ်ခုရေးဆွဲရန် ပြော၍ဖြစ်နိုင်သလား။ ယင်းတို့နှင့် ပတ်သက်၍ သေချာစွာစဉ်းစားရပါမည်။ ထိုအကြောင်း နှင့် ပတ်သက်၍ နောက်ပိုင်းအသေးစိတ် ဆွေးနွေးထား ပါသည်။

## အသုံးပြုမည့်သူအတွက် မှတ်စု

ဤလုပ်ငန်းစုတွင် လုပ်ငန်းတစ်မျိုး သို့မဟုတ် နောက်တမျိုး လုပ်ရန် တင်ပြထားပါသည်။ နှစ်မျိုးစလုံး လုပ်ရန်မလိုပါ။ မည်သို့ဆိုစေ ပထမလုပ်ငန်းတွင် ရှင်းပြသကဲ့သို့ သင့်အုပ်စု အတွင်း ဆောင်ရွက်ခဲ့ရာ တွင် အောင်မြင်ခဲ့သည်ကိုတွေ့ရသည်၊ အုပ်စုကလည်းနယ်ပယ်ကို ချဲ့ထွင်လိုသည်ဆိုလျှင် ဒုတိယ ပြိုင်ပွဲပြုလုပ်ရန် သင့်အနေဖြင့် စဉ်းစားနိုင်ပါသည်။ ရပ်ရွာလူထုများပါဝင်မှု ရှိလာရန် ဖိတ်ခေါ်နိုင် ပါသည်။



## ပင်ပအကူအညီ

ကြောင်းထဲတွင်ရှိသော အနုပညာဌာနကို ဆက်သွယ်နိုင်လျှင် သို့မဟုတ် ရပ်ရွာထဲရှိ အနုပညာရှင်များထဲမှ တစ်ဦး (ဥပမာ - မိဘများ)က ကူညီပေးနိုင်သည်ဆိုလျှင် ယင်းတို့၏အကူအညီကို အပြည့်အဝ အသုံးချပါ။

သင့်အုပ်စုထဲမှ လူရွယ်အချို့အတွက် အနုပညာဖြင့် ထုတ်ဖော်ပြသရန် လွယ်ကူမည်မဟုတ်ပါ။ သူတို့အတွက် အားပေးမှု နှင့် အကူအညီလိုအပ်ပါသည်။ လူရွယ်များသည် အကုန်လုံးကို စိတ်ထဲထည့်သွင်းနိုင်ရန် မလွယ်ပါ။ ၎င်းတို့၏ ကြိုးပမ်းမှုကို လှောင်ပြောင်နှိမ့်ချမှု ပြုမည်မဟုတ်ကြောင်း အာမခံရပါမည်။

တိုက်ရိုက်ပုံဖော်ပြသနိုင်သည့် အနုပညာ ပုံစံများကိုသာ ဆုပ်ကိုင်ထားခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ ဥပမာ - ပုံများဆွဲခြင်း၊ အရောင်ခြယ်ခြင်း၊ ပုံကြမ်းဆွဲခြင်း အစရှိသည်တို့ဖြစ်သည်။ အခြားအနုပညာ ပုံစံမျိုးသုံးစွဲလိုလျှင် ပြင်ပအကူအညီ ရှာဖွေရမည်ဖြစ်သည်။ ဥပမာ

- ပန်းပုထုခြင်း၊ အဝတ်ပေါ်ရေးဆွဲခြင်း၊ ကွန်ပျူတာဖြင့် ပုံဆွဲခြင်းနှင့် အခြား အနုပညာများဖြစ်သည်။ ဤလုပ်ငန်းစုများ၏ ရည်ရွယ်ချက်မှာ ပညာပေးသူ ကို အများအပြားလုပ်စေရန် မဟုတ်သကဲ့သို့ အနုပညာအပေါ် အလွန်အလေးထားစေရန်လည်း မဟုတ်ပါ။ လူရွယ်များအား ကွဲပြားစွာနှင့် ဆန်းသစ်သော နည်းလမ်း များဖြင့် ဖေါ်ထုတ်ပြသနိုင်သော နည်းများတတ်မြောက် သွားစေရန်သာကျွန်ုပ်တို့ကြိုးပမ်းခြင်း ဖြစ်သည်။

## ငွေကြေးထောက်ပံ့ခြင်း နှင့် ဆုများပေးခြင်း



ရပ်ရွာပူးပေါင်းမှုအစိပ်အပိုင်းအနေဖြင့် အုပ်စုကိုဈေးဆိုင်များ၊ စီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများထံ သွားပြီးပြိုင်ပွဲ အတွက် ဆုများချီးမြှင့်နိုင်ခြင်း ရှိ၊ မရှိ စုံစမ်းစေနိုင်ပါသည်။ ပြိုင်ပွဲ၏သဘောသဘာဝအရ ဒေသတွင်းရှိ စီးပွားရေးလုပ်ငန်း များသည် ၎င်းတို့ပါဝင်ကြောင်း ပြလိုကြမည်ဖြစ်ပြီး အကူအညီများပေးကြမည်ဖြစ်သည်။

တာဝန်ယူပေးမည့်သူများကို ရှာဖွေရန်မထွက်ခွာမီ သင့်အနေဖြင့်အုပ်စုနှင့် တွေ့ဆုံစကားပြောရန် အရေးကြီးပါသည်။ တွေ့ဆုံနိုင်ရန်အတွက် ကြိုတင်၍ဖုန်းဆက်ခြင်း၊ စာရေးအကြောင်းကြားခြင်းတို့ကို စီစဉ်ပြုလုပ်ထားရပါမည်။ တာဝန်ယူ ပေးမည့်သူများ အဆင်ပြေမည့်အချိန်တွင် တွေ့ဆုံရပါမည်။ လူရွယ်များကိုစီမံချက်၏ ဦးတည်ချက်၊ ရည်မှန်းချက်များနှင့် လုပ်ငန်းများအကြောင်း သေချာစွာ ရှင်းပြထားရမည်။ ၎င်းတို့ အကြောင်းကိုယဉ်ကျေးစွာနှင့်ရည်မွန်စွာရှင်းနိုင်စွမ်း ရှိရပါမည်။ တာဝန်ယူပေးရန်ပြောဆိုရာတွင် အတင်းအကျပ် တောင်းဆိုခြင်း၊ ရှိုင်းပျခြင်းမရှိရပါ။ အကယ်၍ မည်သည့် အကြောင်းကြောင်းကြောင့်ဖြစ်စေ ငြင်းဆိုခဲ့လျှင် ယင်းကို လက်ခံပြီးနောက်တွေ့ရမည်နေရာသို့ သွားရပါမည်။ အကယ်၍ ဘာမျှမဖြစ်ခဲ့လျှင် ဤလုပ်ငန်းစဉ်သည် ရပ်ရွာထဲမှအခြားပုဂ္ဂိုလ်များသည် ကလေးအလုပ်သမားအကြောင်း သတိပြုမိ လာကြပြီး ၎င်းတို့ရပ်ရွာ ထဲမှလူရွယ်များကလေးအလုပ်သမားနှင့်ပတ်သက်၍ မည်သည်ကိုလုပ်နေကြသည်ကို သိသွား ကြမည် ဖြစ်သည်။

တာဝန်ယူပေးသောပုဂ္ဂိုလ်များအားၓင်းတို့၏အမည်များကို ပြိုင်ပွဲတွင် ကြေညာသွားမည်ဖြစ်ကြောင်းပြောကြားပါ။ အနုပညာ ပြပွဲကို ကြည့်ရှုရန်နှင့် ဆုပေးပွဲသို့လည်း ဖိတ်ကြားသွား မည်ဖြစ်ကြောင်းလည်းပြောပါ။ ထပ်ဆောင်း သည့်အနေဖြင့် လူထုဆက်သွယ်ရေး (သတင်းထုတ်ပြန်ခြင်း) လုပ်ငန်းစု ပြုလုပ်ခဲ့ပြီးလျှင် လူရွယ်များ၏ တတ်မြောက်ခဲ့သည့်ကျွမ်းကျင်မှုကိုထည့်သွင်းသွားနိုင်ပါသည်။ ဒေသတွင်းမှလူထုဆက်သွယ်ရေးအား ပြိုင်ပွဲအကြောင်းပြောပြပြီး ဆုပေးပွဲအခမ်းအနားသို့ ဖိတ်ကြားနိုင်ပါသည်။ စီးပွားရေးလုပ်ငန်းတစ်ခုကို မြှင့်တင်ပေးနိုင်လျှင် တာဝန်ယူပေးနိုင်သူများ ပိုများလာမည်ဖြစ်သည်။ ပထမ၊ ဒုတိယ၊ တတိယ ဆုများအတွက် ရရှိရန်ကြိုးပမ်းပါ။ အုပ်စုအနေဖြင့် အမှတ်စဉ်အလိုက် မစီစဉ်ရပါ။ အနုပညာဖန်တီးမှုတွင် အကောင်းဆုံး(၃)ခုကို ဆုပေးရန်သာ ဆုံးဖြတ်သင့်သည်။

## အကဲဖြတ်ခြင်း

အရေးကြီးသောအချက်မှာ အုပ်စုအနေဖြင့် တာဂန်ယူပေးမည့်သူများကို ရှာဖွေရန်၊သတင်း ထုတ်ပြန်ပါရှိရေးနှင့် ဆုပေးပွဲ အခမ်းအနားကို စီစဉ်ရန်တာဂန် ရှိခြင်းဖြစ်ပါသည်။

အနုပညာပြိုင်ပွဲ ကျင်းပမည်ဆိုလျှင် ပြိုင်ပွဲဝင်များအား ဆုပေးရန်ရွေးချယ်ရေးအဖွဲ့တွင်အချို့သော အခြားအဖွဲ့များကို ထည့်သွင်းရပါမည်။ ယင်းသည်ကလေးအလုပ်သမားစီမံချက်နှင့်တိုက်ရိုက်သက်ဆိုင်သောသူနှင့် ရပ်ရွာထဲမှပုဂ္ဂိုလ်များ ပါဝင်စေရန်အခွင့်အရေးကောင်း တစ်ရပ်ဖြစ်ပါသည်။ ပညာပေးအစီအစဉ်တွင် ပြင်ပအကူအညီရယူခဲ့လျှင် ယင်းပုဂ္ဂိုလ် သည် ဒိုင်အဖွဲ့ဝင်တစ်ဦး ဖြစ်နိုင်ပါသည်။ ထို့အပြင် ဆုများပေးမည့် ပံ့ပိုးသူများ စာရင်းလည်းသင့်အနေဖြင့်ပြုစုထားရှိရမည် ဖြစ်ပါသည်။ ယင်းတို့တွင် ဒေသတွင်းမှ စီးပွားရေးသမားများပါဝင်နိုင်ပါသည်။ ယင်းတို့ကို လူရွယ်များ၏အလုပ်၊ ကလေး အလုပ်သမားနှင့် ၎င်းတို့၏ရပ်ရွာတွင် ဘာဖြစ်နေသည်ကို သိရန်လုပ်ရမည်ဖြစ်သည်။

အခြားဦးတည်ထားသော ပုဂ္ဂိုလ်များ ပါဝင်သည့် ပြိုင်ပွဲပြုလုပ်ခဲ့လျှင် သင်၏အဖွဲ့ဝင်များကို အကဲဖြတ်အဖွဲ့တွင် ပါဝင်ရန် ထည့်သွင်းထားပါ။ ယင်းတို့ကိုယ်တိုင်လည်း ပါဝင်ယှဉ်ပြိုင်သူများဖြစ်နိုင်ပါသည်။ ယင်းတို့ အနေဖြင့် ၎င်းတို့၏စီမံချက် အတွက် တာဝန်ယူမှုရှိရမည်သာဖြစ်ပါသည်။ ၎င်းတို့အနေဖြင့် တင်သွင်းသည့်ပုံများကို ၎င်းတို့သက်ရွယ်တူများ အမြင်ရှု ထောင့်မျိုးဖြင့် ရှုမြင်ရမည်ဖြစ်သည်။ ယင်းမှာ အရေးကြီးသော အချက်တစ်ခုဖြစ်သည်။ မည်သို့ဖြစ်စေ၎င်းတို့သည် အကောင်းဆုံး သို့မဟုတ် ဆုနှင့်ထိုက်တန်သောသူများကိုသာ ရွေးကြမည်ဖြစ်ပါသည်။ အခြားလူရွယ်များကိုလည်း အကဲဖြတ်ဒိုင်များအဖြစ် ဆောင်ရွက်ရန်ပြောနိုင်ပါသည်။ ဥပမာ- သင်သည် ကျောင်းပတ်ဝန်းကျင်တွင် ပြုလုပ်လျှင် အခြား အတန်းများမှ ကျောင်းသားများကို ဒိုင်အဖွဲ့ တွင် ပါဝင်စေနိုင်ပါသည်။



## သင်လိုအပ်မည့်အရာများ



- ✓ အရွယ်မျိုးစုံကောင်စုံ ပုံဆွဲစာရွက်အမျိုးမျိုး
- ✓ ခဲတံ၊ ရောင်စုံခဲချောင်းများ
- ✓ ရောင်စုံခဲတံ၊ မှင်တန်များ၊ ရောင်စုံဆေးများ
- ✓ အနုပညာနှင့်ဆိုင်သောစာအုပ်၊ ကလေးအလုပ်သမား သို့မဟုတ် ညှင်းပမ်းနှိပ်စက်ပုံများ စသည့် ကိုးကားရန် စာအုပ်များ၊ လူရွယ်များအနေဖြင့် စိတ်ကူးများ၊ ပုံဖေါ်မှုများအတွက် အထောက်အကူ ဖြစ်စေမည့် စာအုပ်မျိုး ဖြစ်ပါသည်။
- ✓ အခန်းကျယ်ကျယ် သို့မဟုတ် မျက်နှာပြင်ကျယ်ကျယ် (ကြမ်းပြင်ကျယ်ကျယ်ရလျှင်လည်း ဖြစ်ပါသည်။)
- ✓ ဆွဲပြီးသည့် ပန်းချီကားများချိတ်ဆွဲရန် နံရံအလွတ်များ။



ရပ်ရွာအတွက် အနုပညာပြိုင်ပွဲလုပ်မည်ဆိုလျှင် ပြိုင်ပွဲဝင်အားလုံးအတွက် ပစ္စည်းများပေး၍မဖြစ်နိုင်ပါ။ ဖေါ်ပြပါပစ္စည်း စာရင်းသည် သင့်အုပ်စုအတွက်သာ ဖြစ်ပါသည်။

## အစပျိုးခြင်း

ဤလုပ်ငန်းစုများကို အဘယ်ကြောင့် လက်တွေ့ကျင့်သုံးရသည်ဆိုသည့် အကြောင်းပြချက် အမျိုးမျိုးသင့်တွင် ရှိရပါမည်။ သို့သော် အခြေခံစိတ်ကူးမှာ လူရွယ်များ အသိတရားတိုးပွားလာရန်နှင့် ယင်းအသိတရားများကို ၎င်းတို့၏ရပ်ရွာလူထုအား လက်ဆင့်ကမ်းပေးပြီး ဆက်စပ်နေသော လုပ်ငန်းများဆောင်ရွက်စေရန် ဖြစ်ပါသည်။ ထို့ကြောင့် အခြားပုဂ္ဂိုလ်များ ကလေးအလုပ်သမားအကြောင်း အသိတရားရရှိလာရန်လုပ်သည့်အခါ ကလေးအလုပ်သမားဆိုသည်မှာ အဘယ်အရာ နည်းနှင့် ယင်းကို ရပ်ပစ်ရမည်ဆိုသည်တို့သည် အနုပညာပြိုင်ပွဲ၏ ယေဘုယျဇာတ်လမ်းများ ဖြစ်နိုင်ပါသည်။

မည်သို့ဆိုစေသင့်အနေဖြင့် ပို၍တိကျသော ဇာတ်လမ်းကိုပြောပြရန် လိုပါမည်။ ယှဉ်ပြိုင်မည့်သူများကို အတိုချုပ် ရှင်းပြရပါမည်။ သို့မှသာ ၎င်းတို့အနေဖြင့် ၎င်းတို့ဖန်တီးသော အနုပညာတွင် မည်သည်ကို သရုပ်ဖော်ရမည်ကို သေချာစွာ နားလည်သဘောပေါက်မည် ဖြစ်သည်။ စိတ်ကူးဉာဏ်များ ကွန့်မြူးနိုင်ရန် အကောင်းဆုံးနည်းတစ်နည်းမှာ သင့်အုပ်စုဖြင့် ဉာဏ်ဖွင့် ဆွေးနွေးမှုတစ်ခု အလျင်အမြန်ပြုလုပ်ခြင်းဖြစ်သည်။ ပြိုင်ပွဲ၏ ဇာတ်လမ်းမှာ ဘာဖြစ်သင့်သည်ဟု



ဆွေးနွေးရန် ပြောနိုင်ပါသည်။ စီမံချက်၏ အနှစ်သာရနှင့် လိုက်ဖက်မည့် ဇာတ်လမ်း၏ ဦးတည်ချက်၊ ခေါင်းစဉ် သို့မဟုတ် ဆောင်ပုဒ် တို့ဖြစ်ပါသည်။

လက်ခံနိုင်သည့် ဇာတ်လမ်းရရှိလျှင် ပါဝင်သူများကို ရှင်းပြရမည့်အချက်ကို ပြင်ဆင်ရန်လိုပါမည်။ အုပ်စုအတွင်း ပြိုင်ပွဲပြုလုပ်သည်ဆိုလျှင် ယင်းရှင်းလင်းချက်လိုမည်မဟုတ်ပါ။ ပါဝင်သူများ မတူညီများပြားနေလျှင် ၎င်းတို့ထံမှ ဘာမျှော်လင့်ထားသည်ကို ရှင်းပြပြီးတိကျသောညွှန်ကြားချက် ပေးရပါမည်။ အုပ်စုတွင်းမှ စေတနာ့ ဝန်ထမ်းများကို ဖိတ်ခေါ်ပြီး A4စာရွက်တဝက်နှင် တစ်ရွက်ကြားခန့်ရှင်းပြရမည့်အချက်များ ရေးချရပါမည်။ ကလေးအလုပ်သမား နှင့်ပတ်သက်သော စာရင်းဇယားများ၊ အဆိုးရွားဆုံးခိုင်းစေခံရသည့် ပုံစံများ၊ ကလေး၏ပညာရေးဖွံ့ဖြိုးမှုနှင့် ဘဝသာယာ ရေးတို့အပေါ်အကျိုးသက်ရောက်မှု အစရှိသည်တို့ကိုရှင်းလင်းဖော်ပြ စေရပါမည်။ ထို့နောက် ယှဉ်ပြိုင်ရမည့် ဇာတ်လမ်းနှင့် စည်းမျဉ်းများကို ရှင်းပြရပါမည်။

နောက်ဆုံးတင်သွင်းရမည့်ရက်စွဲနှင့် အခြားအသေးစိပ်များကိုလည်း ဖော်ပြရပါမည်။ ပြိုင်ပွဲတွင် စိတ်ဝင်စားမှုရှိနေစေရန် နောက်ဆုံးရက်ကို သိပ်ခွာ၍မပေးရပါ။ တင်သွင်းရမည့်ရက်ကို အချိန်ကြာကြာခွာပေးလျှင် စိတ်ဝင်စားမှုလျော့ကျသွား နိုင်ပြီး လုပ်ငန်းစု၏ သက်ရောက်မှုကိုထိခိုက်စေနိုင်ပါသည်။ သင်စုဆောင်းရရှိထားသော ဆုစာရင်းကိုလည်း ထည့်သွင်း ဖော်ပြရပါမည်။

နမူနာရှင်းလင်းချက်ကို ဤလုပ်ငန်းစုနောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။ သင့်အနေဖြင့် ပါဝင်ယှဉ်ပြိုင်မည့် သူများအား အသိပေးလိုသည့် သတင်းအချက်အလက်များနှင့် အမျိုးအစားအဆင့်ကို ဖော်ပြထားပါသည်။ အနုပညာ ပြိုင်ပွဲ၏အဓိကအချက်များလည်းပါဝင်ပါသည်။ ဤနောက်ဆက်တွဲသည် အသိပေးမှုသက်သက်သာ ဖြစ်ပါသည်။ သင်နှင့် သင်၏အုပ်စုအနေဖြင့် သင့်ပတ်ဝန်းကျင် အခြေအနေ၊ ဓလေ့ထုံးစံယဉ်ကျေးမှုတို့ နှင့် ကိုက်ညီရန်အကောင်းဆုံး ရှင်းလင်းချက်ကို ပြုစုရမည် ဖြစ်ပါသည်။

## အုပ်စုဖွဲ့ခြင်း။

အုပ်စုတွင်းမှလူရွယ်များကို တစ်ဦးချင်းဖော်ပြရန်တိုက်တွန်းမှုဖြစ် ရမည်ဖြစ်ပြီးအုပ်စုအနေဖြင့် မဖော်ပြစေရပါ။ အခြား ရွေးချယ်စရာ နည်းလမ်းမရှိတော့သည့်အခါမှလွဲ၍ တစ်ဦးချင်းစီအား ၎င်းတို့ကိုယ်ပိုင် အနုပညာများထုတ်လုပ်ရန် ပြောရပါမည်။ ဥပမာ - လိုအပ်သောပစ္စည်းများမရှိခဲ့လျှင် ဖြစ်သည်။ ပုဂ္ဂိုလ်နှစ်ဦးအနေဖြင့် ၎င်းတို့စိတ်ကူးရသည်ကို အတူတကွရေးဆွဲ၍ ဖြစ်နိုင်မဖြစ်နိုင် မေးလာနိုင်ပါသည်။ ထိုအခြေအနေမျိုးတွင် လိုက်လျောသင့်ပြီး မည်သည့်စိတ်ကူးမျိုး ဖြစ်သည်ကို သိရှိရန်လိုပါသည်။ မည်သို့ဆိုစေ ယင်းပူးတွဲကြိုးပမ်းမှုကို အနီးကပ်ကြည့် ရှုရန်လိုမည်ဖြစ်ပါသည်။ အလေးအနက်ဆောင်ရွက်မှု ရှိစေကြရပါမည်။ အကယ်၍လုပ်ငန်းစုနှင့် မဆိုင်သည့်အရာဖြစ်နေလျှင် ယင်းတို့ကို ခွဲထုတ်ပစ်ပါ။ လူရွယ်များအနေဖြင့် ဖြစ်နိုင်လျှင် အခြားနည်းလမ်းကို ရှာနိုင်ကြမည် ဖြစ်သည်။



## လုပ်ငန်း ၁။
## အုပ်စုလိုက် အနုပညာပြိုင်ပွဲ

လုပ်ငန်းအရှိန်ရရန်နှင့် အတိုင်းအတာများသတ်မှတ်နိုင်ရန် သင်ကြားချိန်တစ်ချိန်နှင့် လေ့လာခြင်းနှင့် အကဲဖြတ်ရန် သင်ကြားချိန် တစ်ချိန်။



အုပ်စုအတွက်သာ အနုပညာပြိုင်ပွဲပြုလုပ်မည်ဆိုလျှင် အစီအစဉ်မစမီ ကလေးအလုပ်သမားနှင့် ပတ်သက်၍ သင်ယူခဲ့ကြသည်များကို ၁၀ မိနစ်ခန့် ပြန်၍ ဆွေးနွေးပေးရပါမည်။ ထို့နောက် လူတိုင်းရေးဆွဲရမည့် ဇာတ်လမ်းတစ်ခုနှင့် ပတ်သက်၍ ဆွေးနွေးရပါမည်။ မည်သည့်အနုပညာပုံစံကို သုံးစွဲနိုင်ကြောင်းပြောပြပါ။ ပြိုင်ပွဲအနေဖြင့် မည်သည့် ပုံမျိုးပေါ်ထွက်စေလိုကြောင်း ရှင်းပြပါ။ ဥပမာ - အုပ်စုအနေဖြင့် ၎င်းတို့စီမံချက်မြှင့်တင်ရေးအတွက် ပိုစတာတစောင် ထွက်စေလိုပါသလား။ သို့မဟုတ် စာသင်ခန်းတစ်ခုအတွင်းချိတ်ဆွဲရန် သို့မဟုတ် ရပ်ရွာအတွင်းလူထု အသိတရားတိုးပွား လာရေး မြှင့်တင်ရန် ပြုလုပ်သည့် ပြပွဲတွင် ပြသရန်အတွက် လှပသောအနုပညာများ ဖန်တီးလိုသည့်ရည်ရွယ်ချက် ဖြစ်ပါသလား။

အနုပညာ ပုံစံများနှင့် ရည်ရွယ်ချက်များကို သဘောတူညီချက်ရပြီးလျှင် အုပ်စုကိုစတင်ရေးဆွဲရန် ပြောနိုင်ပါသည်။ ပြီးဆုံးသည်အထိ အချိန်မည်မျှလိုကြောင်း စဉ်းစားခိုင်းရပါမည်။ သီးသန့်အချိန်ယူပြီး အပြီးသတ်နိုင်ရန် နှစ်ပတ်ခန့် အချိန်ပေးနိုင်ပါသည်။ သို့မဟုတ် ၎င်းတို့ရေးဆွဲနေသောပုံများကို ကြီးကြပ်ပေးရန် နောက်ထပ်အချိန်များ ယူနိုင်ပါသည်။

ပုံများအားလုံးဆွဲပြီးလျှင် သင့်အလုပ်ခန်းတွင် ချိတ်ဆွဲပြီးအကဲဖြတ်ဒိုင်အဖွဲ့ကို ဦးစွာရွေးခိုင်းပါ။ အသေအချာစစ်ဆေးပြီး တစ်ခုချင်းစီကို ခွဲခြမ်းစိတ်ဖြာကြည့်ရန်ပြောပါ။ ၎င်းတို့၏ မှတ်ချက်များနှင့် အတွေးအမြင်များကို မေးပြီးဆွေးနွေးပါ။ အနုပညာ အစွမ်းအစရှိသူများကို ဖေါ်ထုတ်တွေ့ရှိနိုင်မည် ဖြစ်ပါသည်။

# လုပ်ငန်း ၂။
# ရပ်ရွာအနုပညာပြိုင်ပွဲ

ပြိုင်ပွဲဆောင်ရွက်ရန် သင်ကြားချိန် ၁ ချိန်နှင့် လူထုမှလေ့လာခြင်းနှင့် အကဲဖြတ်ခြင်း သို့မဟုတ် သင်ကြားချိန် ၁ ချိန်။

အသေအချာ သတ်မှတ်ထားသော ရပ်ရွာလူထုအတွက် အနုပညာပြိုင်ပွဲကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်မည်ဟု ဆုံးဖြတ်ခဲ့လျှင် ပိုစတာတစ်ခုကို ထုတ်လုပ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဝေရပါမည်။ ပိုစတာတွင် ပြိုင်ပွဲအကြောင်း အကျဉ်းချုပ် ရှင်းပြမှုနှင့် ဆုများအကြောင်းအသေးစိပ်ပါဝင်ရမည်။ ယင်းကို မိတ္တူပွားပြီးသက်ဆိုင်ရာ ရပ်ရွာအတွင်းထင်ရှားသည့် နေရာများတွင်ကပ်ထားရမည်။ ဥပမာ-စာသင်ကျောင်းများသို့မဟုတ်လူငယ်အသင်း။ ပိုစတာ ဒီဇိုင်းဆွဲခြင်း၊ မိတ္တူကူးခြင်း နှင့် ဖြန့်ဝေခြင်းတို့တွင် အုပ်စုပါဝင်မှုရှိရပါမည်။ ၎င်းတို့လည်း ပြိုင်ပွဲတွင် ဝင်ပါနိုင်ကြောင်းအသိပေးပါ။

ပြိုင်ပွဲဝင်ပုံများအားလုံး လက်ခံပြီးလျှင် အကဲဖြတ်မှု ပြုလုပ်ရပါမည်။ အနုပညာလက်ရာများကို အကဲဖြတ်ရန် ဒိုင်အမျိုးမျိုး ကို ဖိတ်ခေါ်ရပါမည်။ ပြိုင်ပွဲကို ကြီးကြယ်ခမ်းနားရန် လုပ်ရပါမည်။ သို့မှသာ ဆုရသူများကိုရွေးချယ်ပြီးသည့်အခါ ရပ်ရွာ ဆုပေးပွဲအခမ်းအနား ပြုလုပ်နိုင်မည်ဖြစ်သည်။ ဤအချိန်သည်ဒေသတွင်းရှိ လူထုဆက်သွယ်ရေး ပါဝင်ရမည့်အချိန် ဖြစ်သည်။ ဆုရရှိသူများနှင့် ကလေးအလုပ်သမားအရေး ဆွေးနွေး အဖြေရှာရန်အချက်များကို အများပြည်သူသိရှိစေရေး အတွက် လုပ်ပေးနိုင်ရေးအတွက်ဖြစ်သည်။ ပြိုင်ပွဲအတွက်တာဝန်ယူပေးသူများကို ကျေးဇူးတင်ကြောင်း သတင်းများတွင် ပါဝင်စေရန် မမေ့အပ်ပါ။ ယင်းအချက်နှင့် ပတ်သက်၍ အုပ်စုဖြင့်နောက်ဆုံး ဆွေးနွေးသည့်အခါ ဆောင်ရွက်ရပါမည်။



## ဆောင်ရန်များနှင့် ရှောင်ရန်များ။



- လုပ်ငန်းစုကြောင့်ယှဉ်ပြိုင်မှုပြုလုပ်ခြင်းမျိုးမဖြစ်စေရပါ။ စိတ်ကူးမှာ လူရွယ်များအား အချိန်၊ နယ်ပယ် နှင့် ပစ္စည်းများသုံးပြီး အနုပညာဖြင့် ရိုးသားစွာဖော်ထုတ်ပြခြင်းကို ခွင့်ပြုပေးရန်ဖြစ်သည်။ ပြိုင်ပွဲကြောင့်ဆိုသည့် သဘောပါလျှင် မိမိတို့ဖေါ်ထုတ်လိုက်သမျှသည် မပြည့်စုံနိုင်ဟု ခံစားမှုမျိုးဖြစ်ပေါ်သည့်သူများအား တွန့်ဆုတ်သွားစေနိုင်သည်။
- လူတိုင်းပါဝင်ရန်ပြုလုပ်ပါ။ လူရွယ်များသည် တွန့်ဆုတ်နေနိုင်ပါသည်။ သင့်အနေဖြင့် ယင်းတွန့်ဆုတ်မှု ပျောက်သွားရန် ဤလေ့ကျင့်ခန်းကိုသုံးရပါမည်။
- သင်တာဝန်ယူထားသည့်လူရွယ်များအနေဖြင့် ရပ်ရွာအတွင်းသွားပြီး ပြိုင်ပွဲအတွက်တာဂန်ယူပေးမည့် သူများ ရှာဖွေခြင်းမပြုမီ ၎င်းတို့အား သေချာစွာရှင်းပြပြီး ပြင်ဆင်ပေးရပါမည်။



- နောက်ဆုံးသတ်မှတ်ရက်ကို စွဲကိုင်ထားပြီးအရှိန်မပျက်စေရပါ။
- တာဂန်ယူပေးသူများနှင့် အခြားသူများကို မည်သည့်အကဲဖြတ်ခြင်းနှင့် ဆုပေးပွဲအခမ်းအနားသို့မဆို ဖိတ်ကြားပါ။
- ယှဉ်ပြိုင်တင်သွင်းသည့် အနုပညာကားချပ်များကို သေချာစွာသိမ်းထားပါ။ ၎င်းတို့ထဲမှ များနိုင်သမျှများများကို ရပ်ရွာထဲတွင် ခင်းကျင်းပြသနိုင်သည့် နည်းလမ်းရှာဖွေပါ။

## အပြီးသတ်ဆွေးနွေးခြင်း

သင်ကြားချိန် ၁ချိန်

အနုပညာပြိုင်ပွဲသည် ပျော်စရာကောင်းသည့် လုပ်ငန်းစုဖြစ်ပါသည်။ သင့်အုပ်စုထဲမှ လူရွယ်များသည် သူတို့၏ အနုပညာ လက်ရာများ ဖေါ်ထုတ်ရခြင်းကို ပျော်ရွှင်ကျေနပ်ကြမည် ဖြစ်ပါသည်။ အခြားသူများ၏ လက်ရာများကို ကြည့်ပြီးလည်း အမှန်ပင် ပျော်ရွှင်ကျေနပ်ကြမည် ဖြစ်ပါသည်။ အထူးသဖြင့် အကဲဖြတ်ဒိုင်များအဖြစ် ဆောင်ရွက်ရန် ဆုံးဖြတ်ဆောင်ရွက်စေခဲ့လျှင်ဖြစ်သည်။ အားလုံးပြီးစီးငြိမ်သည်သွားပြီး သင့်အုပ်စုဖြင့် ပြန်ပေါင်းမိသည့်အခါ၎င်းတို့ဖြင့် ခေတ္တနားနေပါ။ ထို့နောက်နံရံတွင်ချိတ်ဆွဲထားသောအနုပညာ လက်ရာအမျိုးမျိုးကို ပြန်ကြည့်ပြီး ထွေရာလေးပါး ပြောကြားနိုင်ပါသည်။

အချို့ပြိုင်ပွဲဝင်လက်ရာများသည် အရည်အသွေးပိုကောင်းနေပြီး လူတိုင်းကရင်းအပေါ် အာရုံစိုက်နေကြပေလိမ့်မည်။ မည်သို့ဆိုစေ တင်သွင်းလာသည့် လက်ရာတိုင်းကိုစစ်ဆေးရန် နှင့် အရှိအတိုင်းတင်ပြမှုကို အသိအမှတ်ပြုရန် အရေးကြီး ပါသည်။ ယင်းတို့မှာ ကလေးအလုပ်သမားအပေါ် လူအများ မည်သို့ထင်မြင်လက်ခံထားသည်နှင့် မည်သို့ရှုမြင်ကြပုံများ ဖြစ်သည်။ အချို့တင်သွင်းသည့် လက်ရာများသည် လေးနက်မှုသိပ်မရှိနိုင်ပါ။ ယင်းမှာ အနုပညာရှင်၏အစွန်းရောက် ထင်မြင်မှုကို ဖော်ပြခြင်းဖြစ်နိုင်သည်။ အချို့လူရွယ်များသည် အမှန်တကယ် ကြမ်းတမ်းသည့် ကလေးအလုပ်သမား အခြေအနေကို ခံစားနိုင်မှုရှိနိုင်ကြမည် မဟုတ်ပါ။ ထို့ကြောင့် ၎င်းတို့၏ စိတ်လှုပ်ရှားခံစားမှုကို ဖုံးကွယ်သည့်အနေဖြင့် မသိကျိုးကျွံပြုမှု မရိုးသားမှုပုံစံဖြင့်ဖော်ပြခြင်း ဖြစ်နိုင်သည်။

မည်သည့်ရုပ်ပုံများကို ၎င်းတို့ကြိုက်နစ်သက်သည် သို့မဟုတ် ၎င်းတို့အားဆွဲဆောင်မှု အရှိဆုံးရုပ်ပုံများမှာ မည်သည် တို့ဖြစ်သည်ကို အုပ်စုဖြင့်ပြောဆိုမေးမြန်းပါ။ အဘယ်ကြောင့် ထိုရုပ်ပုံတစ်ပုံက ဆွဲဆောင်မှုရှိရပါသလဲ။ မည်သည့် အကြောင်းပြောပြနေပါသလဲ။ အနုပညာလက်ရာများထဲမှ မျှော်လင့်ချက်များကိုဖော်ပြသည့် နိမိတ်လက္ခဏာပုံများ ရှာဖွေ တွေ့ရှိနိုင်ပါသလား။ ပြိုင်ပွဲဝင်ကားများသည် ဆွေးနွေးအဖြေရှာရမည့် ကလေးအလုပ်သမားပြဿနာကို နားလည် သဘောပေါက်မှု မပြနိုင်ခြင်းများရှိနေသလား။ ဘာကြောင့် အုပ်စုအနေဖြင့်ဤသို့ထင်ပါသလဲ။ ၎င်းတို့၏ သက်ရွယ်တူများ သည် ဆွေးနွေးအဖြေရှာရမည့်အချက်များ ပါဝင်နေသည်ကို သတိမပြုမိကြောင်း သိရှိကြပါသလား။ ဤသို့ဖြစ်လျှင် ၎င်းတို့၏ သက်ရွယ်တူများအနေဖြင့်ကလေး အလုပ်သမား ဆိုသည်ကိုသတိပြုမိရန်လိုနေသည်ဟုထင်ပါသလား။ ယင်းနှင့် ပတ်သက်၍ကျွန်ုပ်တို့ မည်သို့ဆောင်ရွက်နိုင်ပါသလဲ။ လူပုဂ္ဂိုလ်များအား ကလေးအလုပ်သမားအကြောင်း ပိုသိလာရန် မည်သို့ ဆောင်ရွက်နိုင်ပါသလဲ။

ကျွန်ုပ်တို့ ဘာလုပ်နိုင်ပါသလဲ။ ဤအပိုင်းပြီးဆုံးသည့်အခါ ယင်းအကြောင်း ပြန်ရောက်လာမည်ဖြစ်သည်။ လူပုဂ္ဂိုလ်များ ပိုသတိပြုမိလာရန် ကျွန်ုပ်တို့တစ်ဦးတစ်ယောက်ချင်းအရေးဖြင့် ဘာလုပ်နိုင်သည် နှင့် ထိုလိုအပ်ချက်ရှိနေသော ပုဂ္ဂိုလ်များ အား ကူညီမှုပေးနိုင်ရန် ဘာတခုခုလုပ်ပေးလိုကြသလဲဆိုသည်ကို ဆွေးနွေးကြမည်ဖြစ်သည်။ ထိုလူရွယ်များအား လူမှုအဖွဲ့အစည်း သက်ဝင်လှုပ်ရှားမှုရှိစေရေးနှင့် ပြောင်းလဲမှု၏ကိုယ်စားလှယ်များ အဖြစ်အဖြစ်သုံးပြီး ၎င်းတို့အကူအညီ ရယူရန် အမှတ်ရကြရမည်ဖြစ်သည်။ ၎င်းတို့ကိုဤသို့ဆောင်ရွက်နိုင်ရန် အသိတရားတိုးမြှင့်ရေးနှင့် လုပ်ငန်းဆောင်ရွက် ရေးနှင့် ပတ်သက်သောနည်းများကို သင်ကြားပေးရမည် ဖြစ်သည်။



# ဆန်းစစ်အကဲဖြတ်ခြင်းနှင့် နောက်ဆက်တွဲ စောင့်ကြည့်ခြင်း

ဤလုပ်ငန်းစုအတွက် တိုင်းတာနိုင်သောအရာများရှိပါသည်။ တိုင်းတာနိုင်သည့် တိကျသောရလာဒ်များ ရှိနေပါသည်။ ပေါ်ထွက်လာမည် မပေါ်ထွက်လာဆိုသည် သာရှိပါသည်။ အုပ်စုထဲမှ လူရွယ်တိုင်း ကလေး အလုပ်သမားကို သူ၏အမြင်အတိုင်း အနုပညာဖန်တီးမှုဖြင့်ထုတ်လုပ်ပြသမည်ဖြစ်သည်။ မည်သည့်ပုံစံဖြင့် ပေါ်ထွက်လာမည်ဆိုသည်မှာ သက်ဆိုင်ရာပုဂ္ဂိုလ်၏ စရိုက်လက္ခဏာပေါ်မူတည်ပါသည်။ လုပ်ငန်းစုကိုမည်မျှ အထိကောင်းစွာ အကောင်အထည်ဖေါ် သလဲဆိုသည့်အပေါ်နှင့် အုပ်စုနှင့် သင်၏ ဆက်ဆံရေးမည်သို့ ရှိသည်ဆိုသည်ပေါ်လည်း မူတည်ပါသည်။



ပြိုင်ပွဲကို မည်သည့်ပုံစံဖြင့် ပြုလုပ်သည်ဖြစ်စေ၊ ဤလုပ်ငန်းစု ဆောင်ရွက်ပြီးနောက်နှင့် အုပ်စု၏စုစည်းမှုနှင့် ယုံကြည်မှုကို အားကောင်းရန်အတွက် ၎င်းတို့အား ပြိုင်ပွဲဝင်သောအနုပညာပစ္စည်းများ ကို ပြပွဲပြုလုပ်ပြသစေရပါမည်။ ပြိုင်ပွဲ လုပ်သည့် နေရာတွင် ယင်းပြပွဲကို ပြုလုပ်နိုင်လျှင် ထိရောက်မှုအများဆုံးရရှိနိုင်ပါသည်။ ဥပမာ - စာသင်ကျောင်း သို့မဟုတ် လူငယ်အဖွဲ့။ ပြခန်းပတ်လည်တွင် ရန်ပုံငွေရှာဖွေရန်အတွက် ကော်ဖီ၊ လက်ဖက်ရည်၊အအေးဆိုင်များဖွင့်ရန် အုပ်စုအား စီစဉ်ပါစေ။။ ဆိုင်ခန်းများကို လေလံပစ်နိုင်ပါသည်။ လေလံစွဲသူများအားရရှိသည့်ရန်ပုံငွေ များကို ကလေးအလုပ်သမားနှင့် ဆိုင်သောလုပ်ငန်းများတွင်သုံးမည် သို့မဟုတ် ကလေးအလုပ်သမားများ ပြန်လည်ပြုစုပျိုးထောင်ရေးအတွက် ကျောင်းသို့လှူဒါ န်းသွားမည်ဖြစ်ကြောင်း ပြောပြနိုင်ပါသည်။

ဤအနုပညာလက်ရာများပြပွဲနှင့် လေလံပွဲတို့သည် ရပ်ရွာအတွင်းနောက်လုပ်မည့် အသိပညာတိုးမြှင့်ရေးလုပ်ငန်းအတွက် အမာခံ ဖြစ်လာနိုင်ပါသည်။ ယင်းတို့ကို သင့်အနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသုံးချသင့်ပါသည်။ ဒေသတွင်းနှင့် နိုင်ငံတော် လူထုဆက်သွယ်ရေး သတင်းပြန်ကြားရေးတို့ဖြင့် လုပ်ဆောင်နိုင်ပါသည်။ ဤသည်မှာ အောင်မြင်မှုရလာဒ်ကို ဖေါ်ပြသည့်အချက်တစ်ချက်ဖြစ်ပြီး သင့်လုပ်ငန်းစု၏ ရည်မှန်းချက်ကို ခိုင်မြဲလာနိုင်စေပါသည်။

ဤကလေးအလုပ်သမားလုပ်ငန်းစုများဆောင်ရွက်သည့်အခါတွ င် အနုပညာလုပ်ငန်းရပ်များသည် အလွန်အသုံးဝင်ပြီး ပတ်ဝန်းကျင် အမျိုးမျိုး တိုးတက်ကောင်းမွန်စေသည့် အကျိုးရရှိစေနိုင်ပါသည်။ ဥပမာ - ပြဇာတ်ကပြ တင်ဆက်သည့် လုပ်ငန်းစု ဆောင်ရွက်သည့်အခါတွင် ဤပြိုင်ပွဲအတွက် ထုတ်လုပ်ခဲ့သော အနုပညာပြကွက်များကို ဇာတ်ရုံနံရံများတွင် ခင်းကျင်းပြသနိုင်ပါသည်။ ပြည်သူများအား ဆွေးနွေးဆုံးဖြတ် ရမည့်အချက်များပါဝင်မှုကို သိရှိနားလည်လာစေရန်

အထောက်အကူဖြစ်စေပါသည်။ ပြဇာတ်ကပြခြင်းအတွက် လိုအပ်သော
အကွက်များဖြည့်စွက်ပေးနိုင်ပြီး တကယ့်ကလေး အလုပ်သမား ဇာတ်ကြောင်းကို
ဖန်တီးပေးနိုင်ပါသည်။ ထို့ကြောင့် ပြိုင်ပွဲဝင်လက်ရာများကို လုံခြုံစွာထားရှိပြီး
လိုအပ်သည့်အခါနှင့် အခါအားလျော်စွာ ခင်းကျင်းပြသရပါမည်။

ဤလုပ်ငန်းစုသည် ရိုးရှင်းပါသည်။ သို့သော် လူငယ်များကြားတွင်
ကလေးအလုပ်သမား ပြဿနာအကြောင်း အသိတရား တိုးမြှင့်လာရေးအတွက်
ဆောင်ရွက်ရာတွင် ထိရောက်သောနည်းလမ်း ဖြစ်ပါသည်။ လူငယ်များအတွက်
ထိရောက်စွာ ဖေါ်ထုတ်ပြသနိုင်ရန် အစွမ်းထက်မြက်သည့် နည်းတစ်ခုလည်း
ဖြစ်ပါသည်။ လူများသည် နှုတ်ဖြင့်ပြောဆိုခြင်း သို့မဟုတ် ရေးသားခြင်းထက်
၎င်းတို့ဖေါ်ပြလိုသောအရာကို အနုပညာဖြင့် ပို၍ပွင့်လင်းရိုးသားစွာဖေ
ါ်ပြလိုပါသည်။ အနုပညာ နည်းလမ်းဖြင့် ဖေါ်ထုတ်ပြသခြင်း သို့မဟုတ်
ထိတွေ့ရခြင်းသည်ထိခိုက်နစ်နာမှု သိပ်မရှိဟု ၎င်းတို့ခံစားရသည်။ ရုပ်ပုံများ
သည်လည်း စကားလုံးများနည်းတူ ပြောပြနိုင်ပါသည်။

လူငယ်များဖြင့် လုပ်ကိုင်သည့်အခါ အုပ်စုတွင်း၌ ၎င်းတို့၏ရပ်တည်ချက်ကို
ထိခိုက်နစ်နာမှုမရှိရန် ဖေါ်ပြသည့် နည်းများကို ပေးထားရန် အရေးကြီးပါသည်။
သို့မဟုတ် တစ်နည်းနည်းဖြင့် ထူးခြားမှုဖေါ်ပြခြင်းမျိုး ပြုလုပ်စေရပါမည်။
အနုပညာသည် ယင်းကို ဖြစ်ပေါ်စေပါသည်။ ဤလုပ်ငန်းစုဖြင့်
လူငယ်များအား လူထုပညာပေးသူ ဆိုသည့်အခန်းကဏ္ဍသစ်တစ်ခုကို
ရှာဖွေတွေ့ရှိစေမည် ဖြစ်သည်။ လူမှုအဖွဲ့အစည်းသက်ဝင်
လှုပ်ရှားလာ စေသူများဖြစ်လာစေမည်ဖြစ်သည်။ ယင်းသို့ ဖြစ်ရန်
၎င်းတို့အားပြိုင်ပွဲကျင်းပရန် စီစဉ်သည့်အခါပါဝင်စေခြင်း နှင့် ပြိုင်ပွဲပါဝင်လိုသူများ
အတွက်အကျဉ်းရေးသား စေခြင်းတို့ဖြင့် မသိမသာဆောင်ရွက်ရပါသည်။
ဆက်လက်၍ ရပ်ရွာအတွင်းဆင်းကာ ပြိုင်ပွဲအတွက်တာဝန်ယူပေးမည့်
သူများစတင်ရှာဖွေရပါသည်။ ၎င်းတို့၏ စီမံချက်မှာဘာဖြစ်သည်နှင့်
အဘယ်ကြောင့် ပံ့ပိုးမှုရှာဖွေရသည်ကို ရှင်းပြရပါ သည်။ ဤသည်မှာ သင်ယူမှု
ဖြစ်စဉ်အစဖြစ်ပါသည်။



ထို့ကြောင့်နောက်ထပ်သင်ဆောင်ရွက်မည့်လုပ်ငန်းစုသည် သင်နှင့်သင့်အုပ်စုေ
ပါ်မူတည်ပါသည်။ သင့်ကိုယ်ပိုင် အချိန် ဇယားနှင့်ဗျူဟာပေါ်လွှန်စွာမှီခိုနေပါသ
ည်။ သင့်အနေဖြင့်ရုပ်ပုံကားချပ် သို့မဟုတ် ဆန်းသစ်ရေးသားခြင်း လုပ်ငန်းစုများ
မဆောင်ရွက်ရသေးလျှင် စတင်နိုင်ပါသည်။

# နောက်ဆက်တွဲ ၁

## အနုပညာပြိုင်ပွဲ။
## SCREAM ကလေးအလုပ်သမား စီမံချက်

(မတ်လ ၂၀၁၁ ခုနှစ်တွင် အိုင်ယာလင်သမ္မတနိုင်ငံ
Scariff Community Collage တွင် ဆောင်ရွက်သည်)။

### အသေးစိပ်များ

ကောလိပ်မှ အသက်အုပ်စုအားလုံးဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ကောလိပ်မှ ကျောင်းသူကျောင်းသားများအတွက်သာ ဖြစ်သည်။

တင်သွင်းရန် နောက်ဆုံးရက်မှာ ၂၀၁၁ ခုနှစ်၊ မတ်လ ၂၉ ရက်၊ သောကြာနေ့ နေ့လည် ၁၂း၀၀ နာရီ ဖြစ်သည်။ ဤရက်နောက်ပိုင်း မည်သည့်တင်သွင်းမှုကိုမျှ လက်မခံနိုင်ပါ။ အနုပညာရပ်များကို ဒေါ်(အနုပညာဆရာမ) ထံ တိုက်ရိုက် သို့မဟုတ် ကျောင်းရုံးခန်းသို့ တင်သွင်းနိုင်သည်။ နောက်ကျောတွင် ပညာရှင်၏အမည်၊ လိပ်စာနှင့် အသက်တို့ကို ထင်ထင်ရှားရှား ရေးရန် မေတ္တာရပ်ခံအပ်ပါသည်။

အနုပညာဖန်တီးမှုများသည် မိမိကိုယ်တိုင်ရေးဆွဲခြင်းဖြစ်ရမည်။ ပုံတူထပ်ကူးခြင်း၊ ပေါင်းစပ်ရောနှောထားခြင်းများကို လက်မခံပါ။ အရောင်ခြယ်ထားခြင်း သို့မဟုတ် အရောင်ဖြင့်တင်သွင်းရန်မလိုပါ။ အနုပညာလက်ရာမြောက်မှုနှင့် ဇာတ်လမ်းဖြင့် ကိုက်ညီမှု ရှိမှုအပေါ်တို့တွင် အကဲဖြတ်သွားပါမည်။

ဆုရပုံများကို ပြန်မပေးပါ။

အကဲဖြတ်ဒိုင် ၅ ဦးတွင် အနုပညာဆရာမ၊ စီမံချက်အစီအစဉ်ညှိနှိုင်းရေးမှူးနှင့် စတုတ္တနှစ်မှအမည်စာရင်း ဖေါ်ပြထားသော ကျောင်းသား ၃ ဦး ပါဝင်ပါမည်။ ပထမ၊ ဒုတိယနှင့် တတိယ ရရှိသူများကို ဆုံးဖြတ်ပေးသည့် ၎င်းတို့အဆုံးအဖြတ်သည် အတည်ဖြစ်သည်။

ဆုများမှာ - ပထမဆု၊ ချောကလက်(၃)တောင့်၊ ဒုတိယဆုအတွက် (၂)တောင့်နှင့် တတိယဆုအတွက် (၁)တောင့် ဖြစ်သည်။ ဆုရရှိသူများ၏အမည်ကို ၂၀၁၁ ခုနှစ် ဧပြီလ ၅ရက်နေ့တွင်ကျောင်း၌ ကပ်ထားမည်။ ဆုပေးပွဲကို ကျောင်းတွင် ၂၀၁၁ ခုနှစ် ဧပြီလ ၈ ရက်၊ တနင်္လာနေ့တွင် တရားဝင် ပြုလုပ်သွားမည်။

ပြိုင်ပွဲဝင်မည့်သူများသည် ကလေးအလုပ်သမားနှင့်ဆိုင်သော ပိုစတာစာစောင် ရေးဆွဲရမည်။ SCREAM စကားလုံးနှင့် ဆက်စပ်မှုရှိရမည်။ မည်သို့ရေးဆွဲမည်ဆိုသည်မှာ တစ်ဦးချင်းပေါ် မူတည်ပါသည်။ ကလေးအလုပ်သမား ဆိုသည်ကို မိမိမည်သို့ ယူဆသည်ဆိုသည်ကို တင်ပြရမည်။ SCREAM

ဆိုသည့်စကားလုံး သို့မဟုတ် အယူအဆနှင့် အဆီလျော်ဆုံး ပေါင်းစပ်နိုင်ရမည်။ ပိုစတာကိုနှစ်သက်ရာ ရောင်စုံစက္ကူအရွယ် အမျိုးမျိုးပေါ် ရေးဆွဲရမည်။ သို့သော် A4 အရွယ် ထက်မငယ်စေရပါ။

အောက်ပါတို့သည်ကလေးအလုပ်သမားနှင့် SCREAMတို့နှင့် ပတ်သက်၍ အသေးစိပ်ရှင်းလင်း ဖေါ်ပြထားချက် ဖြစ်ပါသည်။ အနုပညာရှင်များအနေဖြင့်အယူအဆကို နားလည်သဘောပေါက်စေရန်အထောက်အကူ ဖြစ်စေပါမည်။

ပိုစတာတွင် SCREAM ကို မည်သို့ ပေါင်းစပ်ထည့်သွင်းထားသည်ကို အကဲဖြတ်ဒိုင်များကကြည့်ပါမည်။ ကလေး အလုပ်သမားနှင့် ပတ်သက်၍လူရွယ်များ ဆောင်ရွက်နိုင်ခြင်းများကို ဆန်းသစ်သော စိတ်ကူးများနှင့် မိမိတို့ကိုယ်တိုင် ရေးဆွဲထားခြင်းများကို ကြည့်ကြပါမည်။

## ယှဉ်ပြိုင်ရမည့်ဇာတ်ကြောင်း

ကလေးအလုပ်သမားဆိုသည်မှာ ကမ္ဘာနှင့်အဝှမ်း အသက်ရှင်သန်နိုင်ရေးအတွက် အတင်းအကြပ် အလုပ်လုပ် ခိုင်းခံရခြင်း သို့မဟုတ် လုပ်နေရသည့် ကလေးများအကြောင်း ရှင်းလင်းဖေါ်ပြခြင်း ဖြစ်ပါသည်။ကမ္ဘာနှင့်အဝှမ်း အချိန်ပြည့် သို့မဟုတ် အချိန်ပိုင်း အလုပ်လုပ်နေသော ကလေး ၂၄၅ သန်းခန့် ရှိပါသည်။ ထိုအထဲမှ သန်း ၁၇၀ သည် အန္တရာယ်ရှိသော အခြေအနေများတွင် လုပ်နေကြပါသည်။

၎င်းတို့လုပ်သော အလုပ်မှာ အမျိုးမျိုး ရှိပါသည်။ အိမ်ဖေါ်အလုပ်များ၊ ကလေးစစ်သားများ၊ ကလေးပြည့်တန်ဆာများ၊ လယ်ယာလုပ်ငန်းခွင်၊ မိုင်းတွင်း၊ ပစ္စည်းအစုတ်များကောက်ခြင်း၊ ဆောက်လုပ်ရေး၊ ကျောက်တွင်းတူး၊ အုတ်ဖုတ်ခြင်း၊ ကျောက်မျက်လုပ်ငန်း အစရှိသည်တို့ ဖြစ်ပါသည်။ အိုင်ယာလင်နိုင်ငံတွင် မုန့်ဖိုးရှာရန် အလုပ် လုပ်သောကလေးနှင့် ကလေးအလုပ်သမားခြားနားမှုမှာ အငြ ခံလူ့အခွင့်အရေးဖြစ်သည့်လွတ်လပ်စွာရွေးချယ် ပိုင်ခွင့်ပင်ဖြစ်သည်။ ကလေး အလုပ်သမားများတွင် ရွေးချယ်ပိုင်ခွင့်မရှိပါ။ ၎င်းတို့အလုပ်လုပ်မှုဖြစ်မည်။ သို့မဟုတ် ၎င်းတို့နှင့် ၎င်းတို့မိသားစုအငတ် ဘေးကြုံတွေ့ကြရမည်ဖြစ်သည်။ ကလေးဘဝအရွယ်ဆုံးရှုံးသွားရပြီး ပညာသင်ခွင့်မရကြပါ။ အချို့ဖြစ်ရပ်များတွင် ၎င်းတို့ကို မိဘများဆီမှအလွန်ငယ်သောအရွယ်တွင် ခေါ်ထုတ်သွားပြီး ကြွေးမြီနှောင်ဖွဲ့သည့်အလုပ်တွင် ရောင်းစားပစ် ကြသည်။

၎င်းတို့သည် အချိန်ကြာမြင့်စွာနှင့် မဖြစ်နိုင်သော အချိန်များအထိ အလုပ်လုပ်ရသည်။ ရုပ်ပိုင်း၊ စိတ်လှုပ်ရှား ခံစားမှုပိုင်း၊ စိတ်ပိုင်းနှင့် လိင်ပိုင်းဆိုင်ရာ မတော်မတရား ပြုမူကျင့်ကြံခြင်းခံရလေ့ ရှိသည်။ အာဟာရဓါတ် မပြည့်စုံမှု၊ အိပ်ချိန် နည်းခြင်းနှင့် အလွန်တာဝန်ကြီးသော အလုပ်များလုပ်ရသည့်အတွက် ရုပ်ဆင်းသဏ္ဌာန်ပျက်ပြီး မသန်စွမ်းဖြစ်ရသည်။ ၎င်းတို့တွင် ကလေးဘဝ၊ ရပ်ရွာအဖွဲ့အစည်းနှင့် ပညာရေးဆိုသည့်အတွေးအမြင် မရှိကြပါ။ ၎င်းတို့သည် ကြမ်းတမ်း ခက်ခဲသော အနာဂါတ်ဘဝနှင့် ကြုံတွေ့ကြရပြီး ၎င်းတို့၏ သားသမီးများလည်း အလားတူခံစားကြရမည် ဖြစ်သည်။

လူပုဂ္ဂိုလ်များ၊ အထူးသဖြင့် လူရွယ်များသည် ကလေးအလုပ်သမား၏ ဆိုးရွားသော အကျိုးသက်ရောက်မှုကို ၎င်းတို့နိုင်ငံ အတွင်း မရှိသော်လည်း သိထားရန်လိုသည်။ ယင်း၏ ဖျက်စီးပစ်နိုင်စွမ်းနှင့် စိတ်ဓါတ်ပျက်ပြားစေနိုင်သော သဘော သဘာဝကို သိနားလည်ထားရန် လိုပါသည်။ အမျက်ဒေါသထွက်ပြီး တစ်ခုခုလုပ်ပစ်လိုစိတ် ဖြစ်လာရန်လိုပါသည်။ လူရွယ်များ၊ ပျိုဖော်ဝင်အရွယ်များအနေဖြင့်

မားမားမတ်မတ်ရပ်တည်ဆောင်ရွက်ရန် အချိန်တန်ပြီဖြစ်ပါသည်။ ယင်း မတရားမှုကို ခံပြင်းစွာဖေါ်ထုတ်ပြီး အခြားရပ်ရွာလူထုအား ယင်းအကြောင်းသိရန် လုပ်ရမည်ဖြစ်သည်။

ၑင်းတို့သည် SCREAM အတိုင်း ကန့်ကွက်ပြီး ပြောင်းလဲမှုရှိရန် ဆောင်ရွက်ရပါမည်။

**SCREAM** ဆိုသည်မှာ ကလေးများ (**C**) ၏ အခွင့်အရေးများ (**R**) ရရှိရန် ပညာရေး (**E**) အနုပညာ (**A**) နှင့် လူထုဆက်သွယ်ရေး (**M**) များမှတစ်ဆင့်ပံ့ပိုးပေးခြင်း (**S**) ဖြစ်သည်။ ဤသည်မှာ စတုတ္တနှစ်ကျောင်းသူကျောင်းသား များဖြင့်ဆောင်ရွက်သည့် ကလေးအလုပ်သမားစီမံချက်၏ အနှစ်သာရ ဖြစ်ပါသည်။ နိုင်ငံတော်နှင့် အပြည်ပြည်ဆိုင်ရာသို့ SCREAM ၏ ဆိုလိုရင်း သတင်းအချက်အလက်များကို ရောက်ရှိသွားစေလိုပါသည်။

ထို့ကြောင့် စီမံချက်အတွက် အထောက်အကူ ဖြစ်စေမည့် ပိုစတာတစ်စောင်ရေးဆွဲလိုခြင်း ဖြစ်ပါသည်။

အနိုင်ရရှိသော ပိုစတာကို လုပ်ငန်းကဏ္ဍာအတွက် ကုလသမဂ္ဂကဆောင်ရွက်သော အဖွဲ့ဖြစ်သည့်အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့သို့ပေးပို့ သွားပါမည်။

ယှဉ်ပြိုင်သူအားလုံးအား ၎င်းတို့၏စိတ်ကူးများနှင့် တီထွင်ဆန်းသစ်မှုများ ဖေါ်ထုတ်ရန်တိုက်တွန်းပါသည်။ SCREAM ဆိုသည့် စကားလုံးနှင့် စကားလုံးတစ်လုံးစီတွင် ရှိသည့်ဆိုလိုရင်းများကို စဉ်းစားပါ။ ထို့နောက် ကလေးအလုပ်သမားများ ၏ စိတ်ပျက်ဖွယ်၊ ဝမ်းနည်းဖွယ်၊ နာကျည်းဖွယ်တို့ကို စဉ်းစားပြီး ယင်းစိတ်ကူးနှစ်ခုကို ပေါင်းစပ်ပြီး ဆွဲဆောင်နိုင်သည့် ဒီဇိုင်းတစ်ခုရေးဆွဲပါ။

“ကံကောင်းပါစေ”

ကလေးအလုပ်သမားကို ရပ်ပစ်

Fundamental Principles and Rights
at Work Branch (FUNDAMENTALS)

International Labour Organization
4 route des Morillons
CH-1211 Geneva 22 – Switzerland
Tel.: +41 (0) 22 799 61 11
Fax: +41 (0) 22 798 86 95

fundamentals@ilo.org - www.ilo.org/childlabour

@ILO_Childlabour



ISBN 978-92-2-831294-2
9 789228 312942